(ဂ) မြောက်မှတောင်သို့ ဖောက်လုပ်ရမည်။

(ဃ) **ကနဦးအဖြောင့် (Initial straigth)**။ အနည်းဆုံးမီတာ(၄၀)ရှည်ရမည်။ ကနဦးအဖြောင့် ပထမဆုံးအတားအဆီး၏ ရှေ့ပိုင်းအောက်ခြေသည် တာလွှတ်ဂိတ်မှ အနည်းဆုံး(၃၅)မီတာရှိရမည်။ပထမဆုံးအဖြောင့်တွင် အတားအဆီး(၂)ခု၏ အနည်းဆုံးအကွာအဝေးသည် (၁၀)မီတာရှိရမည်။

(င) **ပထမဆုံးအကွေ့ (First Turn)**။ ပထမဆုံးအကွေ့ကို မည်သည့်ဘက်သို့ဖြစ်ဖြစ် ကွေ့ထားနိုင်သည်။ပထမကွေ့သည့် အနည်းဆုံး (၆)မီတာ ကျယ်ရမည်။

(စ) **ကွေ့များနှင့်အတားအဆီးများ**။ ပြေးလမ်းတွင် အနည်းဆုံးကွေ့(၃)ခုပါရမည်။ အနည်းဆုံး (၅)မီတာကျယ်ရမည်။

(ဆ) **အကာအရံ**။ ပြေးလမ်းနှင့်ပရိသတ်အနီးဆုံးနေရာသည်အနည်းဆုံး(၂)မီတာရှိရမည်။

(ဇ) **စစ်ဆေးခြင်း**။ ပြိုင်ပွဲဝင် စက်ဘီးသမားများကို စစ်ဆေးရန်အတွက် စံချိန်ယူ Inspection Transponder များ တပ်ဆင်ပြီး ၊ နေရာတစ်ခုသတ်မှတ်ပေးရမည်။

(ဈ) **တာလမ်းအလံများ**

(၁) အစိမ်းရောင်အလံ ။ ပြိုင်ပွဲတွင်အနှောင့်အယှက်မရှိ ပြိုင်ပွဲဆက်လုပ်နိုင်သည်။

(၂) အဝါရောင်အလံ ။ ပြိုင်ပွဲလမ်းကြောင်းပိတ်နေ၍ ပြိုင်ပွဲများကို ဂိတ်တွင် ထိန်းထားရန်။

(၃) အနီရောင်အလံ ။ ပြေးလမ်းကြောင်းပေါ်တွင် ရှိနေသော ပြိုင်ပွဲဝင် ကစားသမားများချက်ချင်းရပ်ပြီး တာလွှတ်သောဂိတ်သို့ ပြန်သွားရန်နှင့်နောက်ထပ်ညွှန်ကြားချက်များကိုစောင့်ရန်။

၃။ **ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) ကွန်ပျူတာ

(ဂ) လမ်းလျှောက်စကားပြောစက်

(ဃ) စံချိန်မှတ်နာရီ

(င) Photo Finish

(စ) စက်ဘီး

၄။ **ကျင်းပပုံစနစ်**

**(က) ကစားသမား/ပြိုင်ပွဲအမျိုးအစား**

(၁) ကျား/မ BMX တစ်ဦးချင်း

(၂) ကျား/မ BMX အသင်းလိုက်

**(ခ) ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၁၀) ဦး

(၂) ပြည်တွင်း - (၃၀) ဦး

၅။ **အထွေထွေလိုအပ်ချက်များ**

(က) VIP ပွဲကြည့်စင်နှင့်ပရိသတ်ပွဲကြည့်စင်များရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်းမ၊ဒိုင် ၊ဂျူရီများနားနေခန်း ၊ မီဒီယာခန်း ၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း ၊ သွေးပူလေ့ကျင့်ခန်း ၊ပစ္စည်းသိုလှောင်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊ CCTV Room ၊Photo Finish ခန်းများလုံလောက်စွာထားရှိရမည်။

(ဃ) စက်ဘီးသယ်မော်တော်ယာဉ်များ၊စံချိန်မှတ်နာရီ၊လူနာသယ်ယာဉ်များ လုံလောက်စွာ

ထားရှိရမည်။

(c) Computer နှင့် Copier စက်များအား ရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့်ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလိုအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(စ) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားကွင်းအပြင်ဘက်တွင် လုံလောက်သော ကားပါကင်အကျယ်အဝန်းရှိ ရမည်။

# Cycling (BMX)



# Cycling (BMX)



# Cycling (BMX)



# Cycling (BMX)


2 m
9 m
12 m
10 m
48 m
6 m
18 m
R19 m
6 m
28 m
R9 m
6 m
R4 m
R10 m
8 m
3 m
10 m
5 m
6 m
R7 m
5 m
10 m
5 m
R19 m
2 m
6 m
2 m

## စက်ဘီး (Down Hill) အားကစားကွင်း၏
## နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

(က) ပြေးလမ်းအရှည် - အနည်းဆုံး(၁၅၀၀) မီတာ မှ အများဆုံး(၃၅၀၀)မီတာ

(ခ) ပြေးလမ်းအမျိုးအစား - မြေသားလမ်း

(ဂ) တာလွှတ်သောနေရာ - အနည်းဆုံး ၁မီတာ မှ အများဆုံး ၂ မီတာ

(တာလွှတ်သောနေရာကို အမိုးမိုးထားပြီး လက်ကိုင်တန်းတစ်ခုတပ်ပေးထားရမည်။ တာလွှတ်သောနေရာသည် ကြမ်းတမ်းသောမျက်နှာပြင်ရှိရမည်။)

(ဃ) ပန်းဝင်သောနေရာသည်၆ မီတာခန့်ကျယ်ရမည်။

(င) ပန်းဝင်ပြီးဘရိတ်ဖမ်းနိုင်ရန် (၃၅ - ၅၀)မီတာအကျယ် မြေဧရိယာရှိရမည်။

**၂။ နေရာပြင်ဆင်မှု**

(က) တာလွှတ်စင်

(ခ) တာဖမ်းစင်

(ဂ) တာဖမ်းစင်မြေနေရာတွင်အဟန့်အတားများလုံးဝမရှိစေရ။

(ဃ) **တာလမ်းအလံများ**

(၁) အစိမ်းရောင်အလံ ။ ပြိုင်ပွဲတွင်အနှောင့်အယှက်မရှိ ပြိုင်ပွဲဆက်လုပ်နိုင်သည်။

(၂)အဝါရောင်အလံ ။ ပြိုင်ပွဲလမ်းကြောင်းပိတ်နေ၍ ပြိုင်ပွဲများကို ဂိတ်တွင်ထိန်းထားရန်။

(၃) အနီရောင်အလံ ။ ပြေးလမ်းကြောင်းပေါ်တွင်ရှိနေသော ပြိုင်ပွဲဝင်ကစားသမားများချက်ချင်းရပ်ပြီး တာလွှတ်သောဂိတ်သို့ပြန်သွားရန်နှင့်နောက်ထပ်ညွှန်ကြားချက်များကိုစောင့်ရန်။

(င) ပြိုင်ပွဲလမ်းကြောင်းသုံးဂိတ်များတွင် ပလပ်စတစ်ဖိုင်ဘာဖြင့်ပြုလုပ်ထားသောအမြင့် (၁.၅)မီတာမှ(၂)မီတာရှိ ဖိုင်ဘာတိုင်များသာ သုံးရမည်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) ကွန်ပျူတာ

(ဂ) လမ်းလျှောက်စကားပြောစက်

(ဃ) စံချိန်မှတ်နာရီ

(င) Photo Finish

(စ) စက်ဘီး

၄။ **ကျင်းပပုံစနစ်**

**(က) ကစားသမား/ပြိုင်ပွဲအမျိုးအစား**

(၁) ကျား/မ တစ်ဦးချင်း

(၂) ကျား/မ အသင်းလိုက်

**(ခ)** ပွဲစဉ်ကြာသောအချိန်။ အနည်းဆုံး (၂) မိနစ်မှ အများဆုံး (၅) မိနစ်

(ဂ) ဒိုင်/ဂျူရီ

(၁) ပြည်ပ - (၁၀) ဦး

(၂) ပြည်တွင်း - (၃၀) ဦး

၅။ **အထွေထွေလိုအပ်ချက်များ**

(က) VIP ပွဲကြည့်စင်နှင့်ပရိသတ်ပွဲကြည့်စင်များရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်းမ၊ဒိုင် ၊ဂျူရီများနားနေခန်း ၊ မီဒီယာခန်း ၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း ၊ သွေးပူလေ့ကျင့်ခန်း ၊ပစ္စည်းသိုလှောင်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊ CCTV Room ၊Photo Finish ခန်းများလုံလောက်စွာထားရှိရမည်။

(ဃ) စက်ဘီးသယ်မော်တော်ယာဉ်များ၊စံချိန်မှတ်နာရီ၊လူနာသယ်ယာဉ်များ လုံလောက်စွာ ထားရှိရမည်။

(င) Computer နှင့် Copier စက်များအား ရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့်ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလိုအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(စ) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားကွင်းအပြင်ဘက်တွင် လုံလောက်သော ကားပါကင်အကျယ်အဝန်းရှိ ရမည်။

## စက်ဘီး (Cross Country) အားကစားကွင်း၏
## နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

(က) ပြေးလမ်းအတိုင်းအတာ - အနည်းဆုံး(၄)ကီလိုမီတာ မှ အများဆုံး(၉) ကီလိုမီတာ

(ခ) **ပြေးလမ်းသတ်မှတ်ချက်**

(၁) တောင်တက် (၄၀%)

(၂) တောင်ဆင်း(၄၀%)

(၃) လမ်းအကျဉ်း (၁၅ %)

(၄) ကွန်ကရစ်လမ်းခင်း (၅%)

(ဂ) ပြေးလမ်းအမျိုးအစား - မြေသားလမ်း

**၂။ နေရာပြင်ဆင်မှု**

(က) တာလွှတ်စင်

(ခ) တာလွှတ်နေရာမှ (၅) မီတာခန့် မြေပြန့်ဖြစ်ရမည်။

(ဂ) တာဖမ်းစင်

(ဃ) **တာလမ်းအလံများ**

(၁) အစိမ်းရောင်အလံ ။ ပြိုင်ပွဲတွင်အနှောင့်အယှက်မရှိ ပြိုင်ပွဲဆက်လုပ်နိုင်သည်။

(၂) အဝါရောင်အလံ ။ ပြိုင်ပွဲလမ်းကြောင်းပိတ်နေ၍ ပြိုင်ပွဲများကို ဂိတ်တွင်ထိန်းထားရန်။

(၃) အနီရောင်အလံ ။ ပြေးလမ်းကြောင်းပေါ်တွင်ရှိနေသောပြိုင်ပွဲဝင်ကစားသမားများချက်ချင်းရပ်ပြီး တာလွှတ်သောဂိတ်သို့ ပြန်သွားရန်နှင့် နောက်ထပ်ညွှန်ကြားချက်များကိုစောင့်ရန်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) ကွန်ပျူတာ

(ဂ) လမ်းလျှောက်စကားပြောစက်

(ဃ) စံချိန်မှတ်နာရီ

(င) Photo Finish

(စ) စက်ဘီး

၄။ **ကျင်းပပုံစနစ်**

(က) **ကစားသမား**

(၁) ကျား/မ တစ်ဦးချင်း

(၂) ကျား/မအသင်းလိုက်

**(ခ) ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၁၀) ဦး

(၂) ပြည်တွင်း - (၃၀) ဦး

၅။ **အထွေထွေလိုအပ်ချက်များ**

(က) VIP ပွဲကြည့်စင်နှင့်ပရိသတ်ပွဲကြည့်စင်များရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်းမ၊ဒိုင် ၊ဂျူရီများနားနေခန်း ၊ မီဒီယာခန်း ၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း၊ သွေးပူလေ့ကျင့်ခန်း ၊ပစ္စည်းသိုလှောင်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊ CCTV Room ၊Photo Finish ခန်းများလုံလောက်စွာထားရှိရမည်။

(ဃ) စက်ဘီးသယ်မော်တော်ယာဉ်များ၊စံချိန်မှတ်နာရီ၊လူနာသယ်ယာဉ်များ လုံလောက်စွာ ထားရှိရမည်။

(င) Computer နှင့် Copier စက်များအား ရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့်ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလိုအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(စ) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားကွင်းအပြင်ဘက်တွင် လုံလောက်သော ကားပါကင်အကျယ်အဝန်းရှိ ရမည်။

## စက်ဘီး (Road Race) အားကစားကွင်း၏
## နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

(က) တစ်ဦးချင်းစံချိန်ပြု (အမျိုးသား) - အနည်းဆုံး(၄၀)ကီလိုမီတာ မှ အများဆုံး(၅၀)ကီလိုမီတာ

(အမျိုးသမီး)- အနည်းဆုံး(၂၀)ကီလိုမီတာမှ အများဆုံး(၃၀) ကီလိုမီတာ

(ခ) အုပ်စုတာဝေးပြိုင်ပွဲ(အမျိုးသား) - (၁၄၀)ကီလိုမီတာ မှ (၂၄၀) ကီလိုမီတာ

(အမျိုးသမီး) - (၇၀) ကီလိုမီတာမှ (၁၄၀) ကီလိုမီတာ

**၂။ နေရာပြင်ဆင်မှု**

(က) ရှေ့ပြေးယာဉ်

(ခ) လမ်းကြောင်းထိန်းမော်တော်ဆိုင်ကယ်များ

(ဂ) စက်ဘီးသယ်မော်တော်ယာဉ်များ

(ဃ) လူနာတင်ယာဉ်

(င) အုပ်ချုပ်မှုသုံးမော်တော်ယာဉ်

(စ) ပြေးလမ်းကြောင်းတွင် အသံစနစ်(PA System) လုံလောက်စွာပါဝင်ရမည်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) ကွန်ပျူတာ

(ဂ) လမ်းလျှောက်စကားပြောစက်

(ဃ) စံချိန်မှတ်နာရီ

(င) Photo Finish

(စ) Vedio Cemra

(ဆ) စက်ဘီး

**၄။ ကျင်းပပုံစနစ်**

(က) **ကစားသမား/ပြိုင်ပွဲအမျိုးအစား**

(၁) ကျား 160 km တာဝေးတစ်ဦးချင်းနှင့် အသင်းလိုက်

(၂) ကျား100 km အသင်းလိုက်

(၃) ကျား40 kmတစ်ဦးချင်းစံချိန်ပြု

(၄) မ 100 km တာဝေး

(၅) မ 20 km တစ်ဦးချင်းစံချိန်ပြု

(၆) ကျား/မ တစ်ဦးချင်းနှင့် အသင်းလိုက်

**(ခ) ဒိုင်/ဂျူရီ**

| | | |
|---|---|---|
| (၁) ပြည်ပ | - | (၁၀) ဦး |
| (၂) ပြည်တွင်း | - | (၃၀) ဦး |

**၅။ အထွေထွေလိုအပ်ချက်များ**

(က) VIP ပွဲကြည့်စင်နှင့်ပရိသတ်ပွဲကြည့်စင်များရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်းမ၊ဒိုင် ၊ဂျူရီများနားနေခန်း ၊ မီဒီယာခန်း ၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း၊ သွေးပူလေ့ကျင့်ခန်၊ပစ္စည်းသိုလှောင်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများလုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊ CCTV Room ၊Photo Finish ခန်းများလုံလောက်စွာထားရှိရမည်။

(ဃ) စက်ဘီးသယ်မော်တော်ယာဉ်များ၊စံချိန်မှတ်နာရီ၊လူနာသယ်ယာဉ်များအပြင် အုပ်ချုပ်မှုသုံးမော်တော်ယာဉ်များလုံလောက်စွာထားရှိရမည်။

(င) Computer နှင့် Copier စက်များအား ရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့်ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလိုအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(စ) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားကွင်းအပြင်ဘက်တွင် လုံလောက်သော ကားပါကင်အကျယ်အဝန်းရှိရမည်။

# မြားပစ်အားကစားနည်း၏နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

| | | |
|---|---|---|
| (က) ပြိုင်ပွဲကွင်းအတိုင်းအတာ (အလျား) | - | ၁၀၀ မီတာ |
| (ခ) ပြိုင်ပွဲကွင်းအတိုင်းအတာ (အနံ) | - | ၉၀ မီတာ |
| (ဂ) လေ့ကျင့်ရေးကွင်းအတိုင်းအတာ(အလျား) | - | ၁၀၀ မီတာ |
| (ဃ) လေ့ကျင့်ရေးကွင်းအတိုင်းအတာ(အနံ) | - | ၉၀ မီတာ |
| (င) Target Stand အတိုင်းအတာ | - | ၅ပေ x ၄ပေ |
| (စ) Buttress အထူ | - | ၄ လက်မ - ၆ လက်မ |
| (ဆ) Buttress Cover | - | တာပေါ်လင်စ |

**၂။ နေရာပြင်ဆင်မှု**

| | | |
|---|---|---|
| (က) ပြိုင်ပွဲကွင်း | - | (၁) ကွင်း |
| (ခ) လေ့ကျင့်ရေးကွင်း | - | (၁) ကွင်း |

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

| | | |
|---|---|---|
| (က) PA System | - | (၁) စုံ |
| (ခ) Score Board | - | (၁) စုံ |
| (ဂ) ကွန်ပျူတာ | - | (၆) လုံး |
| (ဃ) Buttress Target Stand | - | (၅၀) ခန့် |
| (င) Target Faces | | |
| (၁) 122 cm | - | (၅၀၀) ရွက် |
| (၂) 80 cm | - | (၅၀၀) ရွက် |
| (စ) Target Buttress | - | (၁၀၀) ခု |
| (ဆ) Timmer | - | (၂) စုံ |
| (ဇ) Score card carrier | - | (၂၀) ဦးခန့် |
| (ဈ) Score Sheet | - | ရွက်ရေ (၃၀၀) |

(ည) ပြိုင်ပွဲကျင်းပစဉ်ထိန်းသိမ်းကြီးကြပ်သူအတွက်(၁၀)ပေပတ်လည်ဘောဖွင့်တဲ (၁) ခု

**၄။ ကျင်းပပုံစနစ်**

(က) **ကစားသမား/ပြိုင်ပွဲအမျိုးအစား**

| Recurve | Compound |
|---|---|
| (၁) တစ်ဦးချင်း(ကျား) | တစ်ဦးချင်း(ကျား) |
| (၂) တစ်ဦးချင်း(မ) | တစ်ဦးချင်း (မ) |

(၃) အသင်းလိုက်(ကျား) အသင်းလိုက်(ကျား)

(၄) အသင်းလိုက်(မ) အသင်းလိုက်(မ)

(၅) Mix Team ကျား/မနှစ်ယောက်တွဲ Mix Team ကျား/မနှစ်ယောက်တွဲ

(ခ) **ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၁၀) ဦး

(၂) ပြည်တွင်း - (၁၀) ဦး

(ဂ) **အမှတ်ပေးစနစ်**

(၁) **Recurve တစ်ဦးချင်း ပြိုင်ပွဲ**

Ranking မြား (၇၂) ချောင်း ရမှတ်၊ Elimination+ Finals (ရှုံးထွက်)၊Best of 5 ၊ တစ်ပွဲ (၂) မှတ်

(၂) **Compound တစ်ဦးချင်း ပြိုင်ပွဲ**

Ranking မြား (၇၂) ချောင်း ရမှတ်၊ Elimination+ Finals (ရှုံးထွက်) မြား(၁၅) ချောင်းပစ်ခတ်ယှဉ်ပြိုင်ပြီး၊ စုစုပေါင်းရမှတ်ဖြင့် ဆုံးဖြတ်သည်။

(၃) **အသင်းလိုက်ပြိုင်ပွဲ (ကျား+မ)**

အသင်းတွင် ပါဝင်ပစ်ခတ်မည့် နိုင်ငံအလိုက် အကောင်းဆုံး အားကစား သမား အမျိုးသား (၃) ဦး၊ အမျိုးသမီး (၃) ဦး၏ Ranking မြား (၇၂) ချောင်းတွင် ပစ်ခတ်ခဲ့သော ရမှတ်များ ကို ပေါင်းပြီး အဆင့်သတ်မှတ်သည်။

(၄) **Mixed Team ပြိုင်ပွဲ**

အသင်းတွင် ပါဝင်ပစ်ခတ်မည့် နိုင်ငံအလိုက် အကောင်းဆုံး အားကစား သမား အမျိုးသား (၁) ဦး၊ အမျိုးသမီး (၁) ဦး၏ Ranking မြား (၇၂) ချောင်းတွင် ပစ်ခတ်ခဲ့သော ရမှတ်များ ကို ပေါင်းပြီး အဆင့်သတ်မှတ်သည်။

**၅။ အထွေထွေလိုအပ်ချက်များ**

(က) အားကစားကွင်းအတွင်းအမှတ်ပေးScore Board၊အသံစနစ်တပ်ဆင်ထားရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊အစည်းအဝေးခန်းမ၊ဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း (Locker အပါအဝင်)၊ သွေးပူလေ့ကျင့်ခန်း၊ ပစ္စည်းသိုလှောင်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း၊အသံလွှင့်ခန်း၊ရေဒီယိုခန်း၊တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့် ခန်း၊ လျှပ်စစ်မီး ထိန်းချုပ်ခန်း၊CCTV Room၊ Photo Finish ၊ Score Board ထိန်းချုပ်ခန်းများနှင့်အရံမီးစက်ထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/ နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂပစ္စည်းများ လုံလောက်စွာထားရှိရမည်။

(စ) Rest Roomများအား ကစားသမား၊ ဒိုင်၊ ရုံးအဖွဲ့နှင့်စကားပြန်၊ ပွဲကြည့်ပရိသတ်များအတွက် သီးခြားခွဲခြားထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပွဲကြည့်ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားကွင်းအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်းရှိရမည်။

# Archery


180 M.
180 M.
Archery
SEA GAMES 2013
Practice Field
Competition Field
N
W
E
S
90 M.
16 M.
70 M.
60 M.
50 M.
30 M.
90 M.
TIMER
TIMER
DOS.
25 M.
SHOOTING LINE
PRESS LINE
WAITING LINE
EQUIPMENT LINE
VIP STAND
OFFICE
COMPUTER - SCORE
VIP ROOM
TOILET

## ပြေးခုန်ပစ်အားကစားနည်း၏နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

| | | |
|---|---|---|
| (က) ပြိုင်ပွဲကွင်းအတိုင်းအတာ (အချင်းဝက်) | - | ၃၆.၅၀ မီတာ |
| (ခ) ပြိုင်ပွဲကွင်းအတိုင်းအတာ (အလျား) | - | ၈၄.၃၉ မီတာ |
| (ဂ) **အပြေးအားကစားနည်း** | | |
| (၁) ပြေးလမ်းအခင်း | - | Synthetic |
| (၂) ပြေးလမ်းအကျယ် | - | ၁.၂၂ မီတာ |
| (၃) ပြေးလမ်း | - | ၈ လမ်း |
| (၄) စည်းဖျက် | - | ၅ စင်တီမီတာ |
| (၅) စည်းအရောင် | - | အဖြူရောင် |
| (ဃ) **အခုန်အားကစားနည်း** | | |
| (၁) အမြင့်ခုန်ကွင်းအတိုင်းအတာ | - | (၅x၅) မီတာ |
| (၂) အခင်းအထူ | - | ၄.၃ ပေ |
| (၃) အလျားခုန်/သုံးဆင့်ခုန်ကွင်းအတိုင်အတာ | - | (၃ x ၈) မီတာ |
| (၄) အလျားခုန်/သုံးဆင့်ခုန်ပြေးလမ်းအရှည် | - | ၄၀.၄၅ မီတာ |
| (၅) အလျားခုန်/သုံးဆင့်ခုန်ပြေးလမ်းအကျယ် | - | ၂.၄၄ မီတာ |
| (၆) ကျင်းအကျယ် | - | ၃ မီတာ |
| (၇) နင်းထောက်ဘုတ်ပြားအရှည် | - | ၄ ပေ |
| (၈) နင်းထောက်ဘုတ်ပြားအကျယ် | - | ၈ လက်မ |
| (၉) နင်းထောက်ဘုတ်ပြားထု/အရောင် | - | ၄ လက်မ/အဖြူရောင် |
| (င) **အပစ်အားကစားနည်း** | | |
| (၁) သံလုံး/သံပြားဝိုင်းပစ်ကွင်း(အချင်း) | - | ၂.၁၃၅ (သို့) ၂.၅ မီတာ |
| (၂) လှောင်အိမ်(ပိုက်ကွန်ဖြင့်ပြုလုပ်ပါသည်။) | | |
| (စ) ကင်းလွတ်ဇုန် | - | ၂၅ မီတာ ၊ ၉ မီတာ |

**၂။ နေရာပြင်ဆင်မှု**

| | | |
|---|---|---|
| (က) ပြိုင်ပွဲကွင်း | - | (၁) ကွင်း |
| (ခ) လေ့ကျင့်ရေးကွင်း | - | (၁) ကွင်း |
| (ဂ) သံလုံးအလေးချိန်(ကျား) | - | ၁၆ ပေါင် |
| (ဃ) သံလုံးအလေးချိန် (မ) | - | ၈ပေါင် ၃အောင်စ |
| (င) သံပြားဝိုင်းအလေးချိန်(ကျား) | - | ၂ ကီလိုဂရမ် |
| (စ) သံပြားဝိုင်းအလေးချိန်(မ) | - | ၁ ကီလိုဂရမ် |
| (ဆ) လှံတံအရှည်(ကျား) | - | ၈.၆ ပေ |
| (ဇ) လှံတံအရှည် (မ) | - | ၇.၂ ပေ |

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) Score Board

(ဂ) ကွန်ပျူတာ

(ဃ) စံချိန်မှတ်နာရီ

(င) **အပြေးအားကစားနည်း**

(၁) တာထွက်ခုံ

(၂) ၃၀၀၀ တားဆီးကျော်တန်း

(၃) ရေကျင်း

(၄) လက်ဆင့်ကမ်းတုတ်ချောင်း

(စ) **အခုန်အားကစားနည်း**

(၁) ဆိုဖာအခင်း

(၂) Steel Box

(၃) ဖိုက်ဘာတုတ်ချောင်း

(၄) တိုင်နှင့်တန်းများ

(ဆ) **အပစ်အားကစားနည်း**

(၁) သံလုံး/သံပြား/ကြိုးတပ်သံလုံး

(၂) လှောင်အိမ်(ပိုက်ကွန်ဖြင့်ပြုလုပ်ပါသည်။)

၄။ **ကျင်းပပုံစနစ်**

(က) **ကစားသမား/ပြိုင်ပွဲအမျိုးအစား**

(၁) **အပြေးအားကစားနည်း**

(ကက) ၁၀၀ မီတာ(ကျား/မ)

(ခခ) ၂၀၀ မီတာ (ကျား/မ)

(ဂဂ) ၄၀၀ မီတာ (ကျား/မ)

(ဃဃ) ၈၀၀ မီတာ (ကျား/မ)

(ငင) ၁၅၀၀ မီတာ (ကျား/မ)

(စစ) ၅၀၀၀ မီတာ (ကျား/မ)

(ဆဆ) ၁၀၀၀၀ မီတာ(ကျား/မ)

(ဇဇ) မာရသွန်(ကျား/မ)

(ဈဈ) ၃၀၀၀ တားဆီးကျော်

(ညည) ၁၁၀/၁၀၀ တန်းကျော် (ကျား/မ)

(ဋဋ) ၄၀၀ တန်းကျော် (ကျား/မ)

(ဌဌ) ၄x ၁၀၀ လက်ဆင့်ကမ်း (ကျား/မ)

(ဍဍ) ၄ x ၄၀၀ လက်ဆင့်ကမ်း (ကျား/မ)

(ဎဎ) ၂၀ km လမ်းလျှောက် (ကျား/မ)

(၂) **အခုန်အားကစားနည်း**

(ကက) အလျားခုန် (ကျား/မ)

(ခခ) ၃ဆင့်ခုန် (ကျား/မ)

(ဂဂ) တန်းမြင့်ခုန် (ကျား/မ)

(ဃဃ) တုတ်ထောက်ခုန် (ကျား/မ)

(၃) **အပစ်အားကစားနည်း**

(ကက) သံလုံးပစ်

(ခခ) သံပြားဝိုင်းပစ်

(ဂဂ) လှံတံပစ်

(ဃဃ) ကြိုးတပ်သံလုံးပစ်

(ခ) **ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၁၅) ဦး

(၂) ပြည်တွင်း - (၁၂၀) ဦး

## ၅။ အထွေထွေလိုအပ်ချက်များ

(က) အားကစားကွင်းအတွင်းအမှတ်ပေးစကိုးဘုတ်၊အသံစနစ်တပ်ဆင်ထားရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်းမ၊ဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း (Locker အပါအဝင်)၊သွေးပူလေ့ကျင့်ခန်း၊ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့်သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း၊အသံလွှင့်ခန်း၊ရေဒီယိုခန်း၊တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ခန်း၊လျှပ်စစ်မီးထိန်းချုပ်ခန်း၊CCTV Room၊Photo Finish ၊ စကိုးဘုတ်ထိန်းချုပ်ခန်းများနှင့်အရံမီးစက်ထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(စ) Rest Room များအား ကစားသမား၊ဒိုင်၊ရုံးအဖွဲ့နှင့် စကားပြန်၊ ပွဲကြည့်ပရိသတ်များအတွက် သီးခြားခွဲခြားထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားကွင်းအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်းရှိရမည်။

# လှံတံပစ်


လှံတံပစ်(JAVELIN)
4M
8M
29Degree
1.5M
30M


သံလုံးပစ်
32.Degree
90Degree
2.135M
0.75cm
သံပြားပစ်
32.Degree
90Degree
2.5m
+5mm
75cm



တန်းမြင့်ခုန် HIGH JUMP
3.66M
3.66M(about)
0.4M
4M
PLAN OF A SUITABLE HIGH JUMPLANDING AREA
5M




တုတ်ထောက်ခုန် (POLE VAULT)
1.3M
1.22M
အရှိန်ယူပြေးလမ်း
LANDING
AREA
5M
40-45M
5M

## အလျားခုန်နှင့်သုံးဆင့်ခုန် (LONG JUMP/ TRIPPLE JUMP)






## ဘတ်စကတ်ဘောအားကစားနည်း၏
## နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

| | | | |
|---|---|---|---|
| (က) | အတိုင်းအတာ(အလျား) | - | ၂၈ မီတာ |
| (ခ) | အတိုင်းအတာ(အနံ) | - | ၁၅ မီတာ |
| (ဂ) | စည်းများအားလုံးဗျက် | - | ၀.၀၅ မီတာ |
| (ဃ) | စည်းအရောင် | - | အဖြူ/အပြာရောင် |
| (င) | ကင်းလွတ်ဇုန်အပါအဝင်အတိုင်းအတာ | - | ၃၂ မီတာ x ၁၉ မီတာ |
| (စ) | အားကစားကွင်းရုံ၏အမြင့် | - | အနည်းဆုံး (၇) မီတာ |
| (ဆ) | ဂိုးဘုတ်အတိုင်းအတာ | - | (၁.၈၀) မီတာ x (၁.၂၀) မီတာ |
| (ဇ) | မီးအလင်းအရောင် | - | ၁၀၀၀Luxနှင့်၁၅၀၀Luxကြား |
| (ဈ) | ကွင်းအပူချိန် | - | သတ်မှတ်ချက်မရှိပါ။ |

**၂။ နေရာပြင်ဆင်မှု**

| | | | |
|---|---|---|---|
| (က) | ပြိုင်ပွဲကွင်း | - | (၁)ကွင်း |
| (ခ) | လေ့ကျင့်ရေးကွင်း | - | (၂)ကွင်း |

(ဂ) ပြိုင်ပွဲကစားကွင်းသည် အဖုအထစ် ကင်းလျက်မျက်နှာပြင်မာကျော၍ ညီညာပြန့်ပြူးသော ထောင့်မှန်စတုဂံပုံဖြစ်ရမည်။

(ဃ) ကစားကွင်းရုံ၏ မျက်နှာကျက် (သို့) ဘောလုံးနှင့်ထိခိုက်မိနိုင်သည့်အရာအားလုံး အနည်းဆုံး (၇) မီတာ အမြင့်တွင်ရှိရမည်။

(င) ကစားကွင်းမျက်နှာပြင်ပေါ်သို့ အလင်းရောင်လုံလောက်မျှတစွာ ကျရောက်စေရမည်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

| | | | |
|---|---|---|---|
| (က) | မှန်ဘုတ်၊ ဂိုးသွင်းဘုတ် (Hydraulic Board) | - | (၁) စုံ |
| (ခ) | Digital Score Board | - | (၂) ခု |
| (ဂ) | 24 Sec ပြစက် | - | (၂) စုံ |
| (ဃ) | လုံလောက်သော LCD TV | | |
| (င) | PA System | | |
| (စ) | Digital Alternate Arrow | - | (၂) ခု |
| (ဆ) | စပရိန်ပါ ဂိုးသွင်းသံကွင်း | - | (၂) စုံ |
| (ဇ) | Molten သားရေဘောလုံး နံပါတ် (၇) (အမျိုးသား) - ၇၀ လုံး | | |

(ဈ) Molten သားရေဘောလုံး နံပါတ် (၆) (အမျိုးသမီး) - ၇၀ လုံး

(ည) ဂိုးပိုက်

(ဋ) Digital Team Foul Machine (၂) စုံ

(ဌ) လေထိုးတံ (၂၀) ခု

(ဍ) ဘောလုံးထည့်လှည်း (၈) ခု

၄။ **ကျင်းပပုံစနစ်**

(က) **ကစားသမား**

(၁) **အမျိုးသားအသင်းလိုက်။** တစ်သင်းလျှင်(၁၀)ဦးစီပါဝင်နိုင်သည်။

(၂) **အမျိုးသမီးအသင်းလိုက်။** တစ်သင်းလျှင်(၁၀)ဦးစီပါဝင်နိုင်သည်။

(ခ) **ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၁၀) ဦး

(၂) ပြည်တွင်း - (၂၀) ဦး

(ဂ) **အမှတ်ပေးစနစ်**

- (၁၀) မိနစ်(၄)ကြိမ်ကစားရသည်။အမှတ်သာသောအသင်း အနိုင်ရရှိသည်။

၅။ **အထွေထွေလိုအပ်ချက်များ**

(က) လေထိုးပြီးဘောလုံးကို (၁၈၀)စင်တီမီတာမှ ပစ်ချလိုက်ပါက (၁၂၀)စင်တီမီတာနှင့် (၁၄၀) စင်တီမီတာကြားသို့ ခုန်တက်ရမည်။

(ခ) အားကစားခန်းမအတွင်းအမှတ်ပေးစကိုးဘုတ်၊ ပြစ်မှုပြစကိုးဘုတ် ၊ပြိုင်ပွဲသုံးနာရီ၊ အသံစနစ်နှင့်လုံလောက်သောလျှပ်စစ်မီးအလင်းရောင်တပ်ဆင်ထားရှိရမည်။

(ဂ) VIP ပွဲကြည့်စင်နှင့်ပရိသတ်ပွဲကြည့်စင်များရှိရမည်။

(ဃ) အုပ်ချုပ်မှုရုံးခန်း၊အစည်းအဝေးခန်းမ၊ဒိုင် ၊ဂျူရီများနားနေခန်း ၊ မီဒီယာခန်း ၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊ အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း၊ သွေးပူလေ့ကျင့်ခန်း၊ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာ ထားရှိရမည်။

(င) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊လျှပ်စစ်မီး ထိန်းချုပ်ခန်း ၊CCTV Room၊ စကိုးဘုတ်ထိန်းချုပ်ခန်းများ ထားရှိရမည်။

(စ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ /နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလိုအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(ဆ) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(ဇ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဈ) အားကစားခန်းမအတွင်း လုံလောက်သော လေအေးပေးစက်များ တပ်ဆင်ထားရှိ ရမည်။

(ည) အားကစားခန်းမအပြင်ဘက်တွင် လုံလောက်သော ကားပါကင်အကျယ်အဝန်းရှိရ မည်။

# ဘတ်စကက်ဘောကွင်းအတိုင်းအတာ



# ဘိလိယက်အားကစားနည်း၏
# နိုင်ငံတကာစံချိန်စံညွှန်းများ

၁။ **စံချိန်စံညွှန်း**

(က) **ဘိလိယက်နှင့်စနူကာ**

| | | | |
|---|---|---|---|
| (၁) | အတိုင်းအတာ(အလျား) | - | (၁၁ပေ၈၁/၂လက်မ) (၃၅၆၉ မီလီမီတာ) |
| (၂) | အတိုင်းအတာ (အနံ) | - | (၅ပေ ၁၀လက်မ) (၁၇၇၈ မီလီမီတာ) (၁/၂လက်မ) အတိုးအလျော့ခွင့်ပြုသည်။ |
| (၃) | အမြင့် | - | (၂ပေ၉ ၁/၂လက်မ)မှ (၂ပေ ၁၀ ၁/၂လက်မ) ကြမ်းခင်းမှဘောင်တန်းထိပ်ထိ |
| (၄) | ကျင်းပေါက် | - | (၆)ခု |

(ခ) Caron

| | | | |
|---|---|---|---|
| (၁) | အတိုင်းအတာ (အလျား) | - | (၁၀ပေ) (၂.၈၄ မီတာ) |
| (၂) | အတိုင်းအတာ (အနံ) | - | (၅ပေ) (၁.၄၂ မီတာ) (၅ လက်မ)အတိုးအလျော့ခွင့်ပြုသည်။ |
| (၃) | အမြင့် | - | (၂၁/၂ပေ) (၇၅စင်တီမီတာမှ၈၀ စင်တီမီတာကြား) |
| (၄) | ကျင်းပေါက် | - | (၆) ခု |

(ဂ) Pool

| | | | |
|---|---|---|---|
| (၁) | အတိုင်းအတာ (အလျား) | - | (၄ ၁/၂ပေ) |
| (၂) | အတိုင်းအတာ (အနံ) | - | (၄ပေ) |
| (၃) | အမြင့် | - | (၂ ၁/၂ပေ) |
| (၄) | ကျင်းပေါက် | - | (၆) ခု |

(ဃ) အလင်းရောင် - အခန်းတွင်း Lux (50) ထက်မနည်းရ။ သက္ကလပ်ပေါ် Lux (520) ထက်မနည်းရ။

(င) အပူချိန် - ၁၈ ဒီဂရီစင်တီဂရိတ် အနည်းဆုံးရှိရမည်။

**၂။ နေရာပြင်ဆင်မှု**

(က) **ဘိလိယက်နှင့်စနူကာ**

(၁)ပြိုင်ပွဲခုံ - (၁၀) ခုံ

(၂) လေ့ကျင့်ရေးခုံ - (၄) ခုံ

(ခ) Pool / Caron

(၁) ပြိုင်ပွဲခုံ - (၄) ခုံ

(၂) လေ့ကျင့်ရေးခုံ - (၂)ခုံ

(ဂ) အလျား(၁၀၀)ပေ၊အနံ(၆၀)ပေရှိအခန်း (၃)ခန်း

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်များ**

(က) PA System

(ခ) ပြိုင်ပွဲခုံ(၁)ခုံလျှင်Electronic Score Board (၁) ခုစီ

(ဂ) ပြိုင်ပွဲခုံ(၁)ခုံလျှင် LCD TV (၁) လုံးစီ

(ဃ) ဘိလိယက်နှင့်စနူကာဘောလုံး - (၂၀) စုံစီ

(င) Pool / Caron ဘောလုံး - (၁၅) စုံစီ

(စ) ဘောလုံးအချင်း - ၅.၂၅ မီလီမီတာ

(ဆ) ထိုးတံအရှည် - ၃ ပေ

**၄။ ကျင်းပပုံစနစ်**

(က) **ကစားသမား**

(၁) ဘိလိယက်အသင်းလိုက်နှင့်တစ်ဦးချင်း

(၂) ဘိလိယက် Scotch Double

(၃) ဘိလိယက်Double

(၄) စနူကာတစ်ဦးချင်း (6 Red Ball) (ကျား)

(၅) စနူကာတစ်ဦးချင်း (5 Red Ball) (မ)

(၆) စနူကာDouble (15 Ball) (ကျား)

(၇) စနူကာ Double (15 Red Ball) (ကျား)

(၈) Carom 1 CUSHION တစ်ဦးချင်း (ကျား)

(၉) Pool 10 Ball တစ်ဦးချင်း (ကျား/မ)

(၁၀)Pool 9 Ball တစ်ဦးချင်း (ကျား/မ)

(ခ) **ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၁၆) ဦး

(၂) ပြည်တွင်း - (၁၀) ဦး

(၃) Techinical Delegate - (၆) ဦး

(၄) Marker/Scorer - (၇၂) ဦး

(ဂ) **အမှတ်ပေးစနစ်**

(၁) **ဘိလိယက်။** (၁၀၀) မှတ် Games

(၂) **စနူကာ ။** အနီ(၁)မှတ်၊အနက်(၇)မှတ်၊ပန်းရောင်(၆)မှတ်၊အပြာ(၅)မှတ်၊ အညို(၄)မှတ်၊အစိမ်း(၃)မှတ်၊အဝါ(၂)မှတ်

(၃) **Caron ။** (၁၀၀) မှတ် Games

(၄) **Pool ။** (10) Ball Games၊ (9) Ball Games

၅။ **အထွေထွေလိုအပ်ချက်များ**

(က) အားကစားခန်းမအတွင်းရှိ ထိုင်ခုံများအား အသေတပ်ဆင်ထားရှိရမည်။

(ခ) အားကစားခန်းမအတွင်းအမှတ်ပေးစကိုးဘုတ်၊ TV၊အသံစနစ်နှင့် လုံလောက်သော လျှပ်စစ်မီးအလင်းရောင်တပ်ဆင်ထားရှိရမည်။

(ဂ) အစည်းအဝေးခန်းမ၊ဒိုင် ၊ဂျူရီများနားနေခန်း ၊ မီဒီယာခန်း ၊ တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း၊သွေးပူလေ့ကျင့်ခန်း၊ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့်သန့်စင်ခန်းများလုံလောက်စွာထားရှိရမည်။

(ဃ) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊လျှပ်စစ်မီးထိန်းချုပ်ခန်း ၊CCTV Room ၊ စကိုးဘုတ်ထိန်းချုပ်ခန်းများထားရှိရမည်။

(င) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့်ပြိုင်ပွဲဝင်ကစားသမားများလိုအပ်သလို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(စ) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂပစ္စည်းများလုံလောက်စွာထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားခန်းမအတွင်း လုံလောက်သော လေအေးပေးစက်များတပ်ဆင်ထားရှိရမည်။

(ဈ) အားကစားခန်းမအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်းရှိရမည်။

# ဘိလိယက်ခုံအတိုင်းအတာ


6725 mm.
3655 mm
1830 mm
1535 mm
1535 mm
4900 mm
ECON
GOMBRA
BILLARES
POOL - SNOOKER

## ကာယဗလအားကစားနည်း၏နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

(က) ပြိုင်ပွဲစင်အမြင့် - ၁ မီတာ

(ခ) ကိုယ်ဟန်ပြစင် (အလျား) - ၆ မီတာ

(ဂ) ကိုယ်ဟန်ပြစင် (အနံ) - ၁.၂ မီတာ

(ဃ) ကိုယ်ဟန်ပြစင် (အမြင့်) - ၆၀ စင်တီမီတာ

(င) ကိုယ်ဟန်ပြစင်၏ကော်ဇောခင်းအရောင် - Grey

(စ) **မီးအလင်းရောင်**

(၁) ၁ပေလျှင် ၁၀၀၀ ဝပ်မီးအားဖြင့် စင်မြင့်၏အရှေ့ဘက်အပေါ်မှ ၄၅ ဒီဂရီစောင်းလျက်ချိတ်ဆွဲရန်။

(၂) ၁ပေလျှင် ၅၀၀ ဝပ်မီးအားဖြင့် ကိုယ်ဟန်ပြစင်မြင့်သို့ ၆၅ ဒီဂရီစောင်းလျက်ချိတ်ဆွဲရန်။

(၃) ၂ ပေလျှင် ၅၀၀ ဝပ်မီးအားဖြင့် စင်မြင့်၏အနောက်ပိုင်းကိုအလင်းရောင်ပေးရန်။

(၄) မီးအားလုံးကို စင်မြင့်၏အရှေ့ဘက်တွင်သာတပ်ဆင်ရန်။

**၂။ နေရာပြင်ဆင်မှု**

(က) ပြိုင်ပွဲစင်မြင့် - (၁) ခု

(ခ) လေ့ကျင့်ရန်နေရာ - ပြိုင်ပွဲဝင်နိုင်ငံအလိုက် သီးခြားထားရှိရမည်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) Fitness Center ပစ္စည်းများ

(ခ) Electronic Weighting Mechine

(ဂ) အရပ်တိုင်းကိရိယာ

(ဃ) အထောက်အကူပြုလေ့ကျင့်ရေးပစ္စည်းများ

**၄။ ကျင်းပပုံစနစ်**

(က) ကစားသမား။ တစ်ဦးချင်း

(၁) ဖလိုင်းဝိတ် - ကီလို (၆၀) အထိ

(၂) ဘင်တန်ဝိတ် - ကီလို (၆၅) အထိ

(၃) လိုက်ဝိတ် - ကီလို (၇၀) အထိ

(၄) ဝယ်လ်တာဝိတ် - ကီလို (၇၅) အထိ

(၅) လိုက်မစ်ဒယ်လ်ဝိတ် - ကီလို (၈၀) အထိ

(၆) မစ်ဒယ်လ်ဝိတ် - ကီလို (၈၅) အထိ

(၇) လိုက်ဟဲဗီးဝိတ် - ကီလို (၉၀) အထိ

(၈) ဟဲဗီးဝိတ် - ကီလို (၉၀) အထက်

(ခ) **ဒိုင်/ဂျူရီ**

(၁) ပြည်ပ - (၂၁) ဦး

(၂) ပြည်တွင်း - (၆) ဦး

(ဂ) **ကစားချိန်။** စက္ကန့် (၉၀)

(ဃ) **အမှတ်ပေးစနစ်**

(၁) ကြွက်သားကြီးထွားမှု

(၂) ကိုယ်ခန္ဓာပြေပြစ်လှပမှု

(၃) ကြွက်သားအချိုးအစားညီညွတ်မှု

(၄) ကြွက်သားကွဲပြားပေါ်လွင်မှု

(၅) ကိုယ်ဟန်ပြစွမ်းရည်

**၅။ အထွေထွေလိုအပ်ချက်များ**

(က) အားကစားခန်းမအတွင်းအမှတ်ပေးစကိုးဘုတ်၊အသံစနစ်နှင့်လုံလောက်သော လျှပ်စစ်မီးအလင်းရောင်တပ်ဆင်ထားရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်းမ၊ဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန်း(Locker အပါအဝင်)၊သွေးပူလေ့ကျင့်ခန်း ၊ ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့် သန့်စင်ခန်းများလုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း၊အသံလွှင့်ခန်း၊ရေဒီယိုခန်း၊တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ခန်း၊လျှပ်စစ်မီးထိန်းချုပ်ခန်း၊CCTV Room၊Photo Finish ၊ စကိုးဘုတ်ထိန်းချုပ်ခန်းများနှင့်အရံမီးစက်ထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(စ) Rest Room များအား ကစားသမား၊ဒိုင်၊ရုံးအဖွဲ့နှင့် စကားပြန်၊ ပွဲကြည့်ပရိသတ် များအတွက် သီးခြားခွဲခြားထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားခန်းမအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်း ရှိရမည်။

## စစ်တုရင် အားကစားကွင်း၏နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

| | | |
|---|---|---|
| (က) ကစားခုံအတိုင်းအတာ(အလျား) | - | ၁၈ လက်မ |
| (ခ) ကစားခုံအတိုင်းအတာ(အနံ) | - | ၁၈ လက်မ |

**၂။ နေရာပြင်ဆင်မှု**

| | | |
|---|---|---|
| (က) ပြိုင်ပွဲစင်မြင့် (အလျား) | - | ၃၀ ပေ |
| (ခ) ပြိုင်ပွဲစင်မြင့် (အနံ) | - | ၁၀ ပေ |
| (ဂ) ပြိုင်ပွဲစင်မြင့် (အမြင့်) | - | ၂ပေ |

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

| | |
|---|---|
| (က) စားပွဲ | - ၆၀ လုံး |
| (ခ) ကုလားထိုင် | - ၁၂၀ လုံး |
| (ဂ) Chess Pieces and board | - ၃၀ စုံ |
| (ဃ) Electronic Chess board | - ၂၀ စုံ |
| (င) ပြိုင်ပွဲသုံးစစ်တုရင်နာရီ | - ၆၀ လုံး (DGT XL) |
| (စ) Computer | |
| (ဆ) Projector and Screen | |
| (ဇ) Magnetic Demo Board | |
| (ဈ) Laser Jet Colour Printer & Copier | |

**၄။ ကျင်းပပုံစနစ်**

(က) **ကစားသမား။** တစ်ဦးချင်း၊ ကျား/မ အတွဲလိုက်

(ခ) **ဒိုင်/ဂျူရီ**

(၁) ပြည်ပ - ( )ဦး

(၂) ပြည်တွင်း - ( )ဦး

**၅။ အထွေထွေလိုအပ်ချက်များ**

(က) အားကစားခန်းမအတွင်း စကိုးဘုတ် ၊ အသံစနစ်၊ လုံလောက်သော လျှပ်စစ်မီး အလင်းရောင်နှင့် လေအေးပေးစက် တပ်ဆင်ထားရှိရမည်။

(ခ) အုပ်ချုပ်မှုရုံးခန်း၊ အစည်းအဝေးခန်း၊မဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊တားမြစ်ဆေးစစ်ဆေးခန်း၊ဆေးခန်း၊အားကစားသမားနားနေခန်းနှင့်အဝတ်လဲခန် (Locker အပါအဝင်)၊ ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့် သန့်စင်ခန်းများလုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း၊အသံလွှင့်ခန်း၊ရေဒီယိုခန်း၊တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ခန်း၊လျှပ်စစ်မီးထိန်းချုပ်ခန်း၊CCTV Room ၊ Photo Finish ၊ စကိုးဘုတ်ထိန်းချုပ်ခန်းများနှင့်အရံမီးစက်ထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလို အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂပစ္စည်းများလုံလောက်စွာထားရှိရမည်။

(စ) Rest Room များအား ကစားသမား၊ဒိုင်၊ရုံးအဖွဲ့နှင့် စကားပြန်၊ ပွဲကြည့်ပရိသတ်များအတွက် သီးခြားခွဲခြားထားရှိရမည်။

(ဆ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဇ) အားကစားခန်းမအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်းရှိရမည်။

## ခြင်းလုံးအားကစားနည်း၏နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

(က) **ခြင်းလုံးကွင်းအတိုင်းအတာ**

(၁) တစ်ဦးချင်းအတော့ခတ် - ၆ ပေအချင်းဝက်စည်းဝိုင်း

(၂) အသင်းလိုက် - ၁၁ပေ အချင်းဝက်စည်းဝိုင်း

(ခ) စည်းလိုင်းဗျက် - ၃ လက်မ

(ဂ) စည်းအရောင် - အဖြူရောင်

(ဃ) ခြင်းလုံး၏လုံးပတ် - ၁၆”မှ ၁၇”

(င) ကျိန်ပင် - ၇ ပင်

(စ) ခြင်းလုံး၏အပေါက် - ၁၂ ပေါက်

(ဆ) ခြင်းလုံး၏အလေးချိန် - ၆/၈ကျပ်သား

**၂။ နေရာပြင်ဆင်မှု**

(က) ပြိုင်ပွဲကွင်း(ကျား) - (၁) ကွင်း

(ခ) ပြိုင်ပွဲကွင်း(မ) - (၁) ကွင်း

(ဂ) သွေးပူလေ့ကျင့်ရေးကွင်း - သင့်တင့်သောအကျယ်အဝန်းရှိရမည်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) Electronic Score Board

(ဂ) ကွန်ပျူတာ

(ဃ) ပြိုင်ပွဲသုံးခြင်းလုံး

(င) LCD TV

**၄။ ကျင်းပပုံစနစ်**

**(က) ကစားသမား။** တစ်ဦးချင်း၊ အသင်းလိုက်

**(ခ) ကစားချိန် ။** (၃၅)မိနစ်

**(၁) ပထမပိုင်း(၅)မိနစ်လက်ရွေးစင် ခြင်းလတ် ဘယ်/ညာစုံ**

(ကက) မန္တလာ

(ခခ) မြင်းစီးဖနောင့်

(ဂဂ) သမင်လည်ပြန်ဖနောင့်

(ဃဃ) ပတ်ဒူး

(ငင) နောက်ဖီလာဖဝါး

(စစ) မဟာနွယ်

**(၂) ဒုတိယပိုင်း(၅)မိနစ်ခြင်းလက်ရွေးစင်မျိုးတူ**

(ကက) ပတ်ဒူး

(ခခ) နောက်ဖီလာဖဝါး

(ဂဂ) စောင်းစလွယ်

(ဃဃ) နောက်ဖီလာဖနောင့်

(ငင) ဖီလာသစလွယ်

(စစ) မဟာနွယ်

(ဆဆ) ပတ်စလွယ်

(ဇဇ) ပတ်ဖဝါး

**(၃) တတိယပိုင်း(၅)မိနစ်လက်ရွေးစင်မျိုးတူ**

(ကက) မန္တလာ

(ခခ) မြင်းစီးဖနောင့်

(ဂဂ) သမင်လည်ပျံဖနောင့်

(ဃဃ) ရှပ်ထိပ်တင်

(ငင) ဝိုက်ဒူး

(စစ) ရှပ်ဒူး

(ဆဆ) မန္တလာဖီလာစလွယ်

(ဈဈ) လေဝဲခြေခွင်

**(၄) စတုတ္ထပိုင်း(၅)မိနစ်ခြင်းကြီးဘယ်/ညာစုံ**

(ကက) မဟာဒူး

(ခခ) တဲ့ဖဝါး

(ဂဂ) စလွယ်ကြီး

(ဃဃ) ဝိုက်ကြီး

(ငင) တဲ့ဖနောင့်

(စစ) မဟာကြီး

(ဆဆ) ညွန့်ဒူး

(ဇဇ) ရင်လိမ်ဖဝါး

**(၅) ပဥ္စမပိုင်း(၁၀)မိနစ်ခြင်းကြီးမျိုးတူ**

(ကက) မဟာဒူး

(ခခ) တဲ့ဖဝါး

(ဂဂ) စလွယ်ကြီး

(ဃဃ) ဝိုက်ကြီး

(ငင) တဲ့ဖနောင့်

(စစ) မဟာကြီး

(ဆဆ) ညွန့်ဒူး

(ဇဇ) ရင်လိမ်ဖဝါး

**(၆) ဆဋ္ဌမပိုင်း(၅)မိနစ်ခြင်းကြီးဝိုင်းလည်အတွဲ။** ခြင်းကြီးခြင်းပေါက်(၁၀)မျိုးထဲမှ ခြင်းပေါက်များကိုမျိုးမထပ်စေဘဲ(၁)ဦးလျှင်အနည်းဆုံး(၂)လုံးမှအများဆုံး (၁၀)လုံးအထိတွဲခတ်နိုင်သည်။(၁၀)လုံးပြည့်ပါကခြင်းကြောပြတ်ဟုသတ်မှတ် မည်။

**(ဂ) အမှတ်ပေးစနစ်**

(၁) ဘယ်/ညာစုံ - စုံရတိုင်း (၁) မှတ်

(၂) လက်ရွေးစင်မျိုးတူ - (၆)ယောက်ပြည့်တိုင်း (၁) မှတ်

**(၃) ခြင်းကြီးဝိုင်းလည်အတွဲခတ်**

(ကက)(၂) လုံး (၁) မှတ်

(ခခ) (၃) လုံး (၂) မှတ်

(ဂဂ) (၄) လုံး (၃) မှတ် စသည်ဖြင့် (၁)လုံးပိုတွဲခတ်ကစားတိုင်း(၁)မှတ်စီ တိုးပေးသည်။

(၄) ခြင်းလုံးမြေကျတိုင်း (၁)မှတ်လျော့ပြီး၊ ခြင်းလုံးကို လက်ဖြင့်ဖမ်း/ပုတ်ပါက ပြစ်ဒဏ်အဖြစ် (၃)မှတ်လျော့မည်။

**၅။ အထွေထွေလိုအပ်ချက်များ**

(က) အားကစားခန်းမအတွင်းအမှတ်ပေးစကိုးဘုတ်၊အသံစနစ်နှင့်လုံလောက်သော လျှပ်စစ်မီးအလင်းရောင်တပ်ဆင်ထားရှိရမည်။

(ခ) VIP Room ၊ အစည်းအဝေးခန်းမ၊ဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊ တားမြစ်ဆေးစစ်ဆေးခန်း၊ ဆေးခန်း၊အားကစားသမားနားနေခန်းနှင့် အဝတ်လဲခန်း၊ သွေးပူလေ့ကျင့်ခန်း၊ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း၊အသံလွှင့်ခန်း၊ရေဒီယိုခန်း၊တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ခန်း ၊ လျှပ်စစ်မီးထိန်းချုပ်ခန်း ၊ CCTV Room ၊ Photo Finish ၊ စကိုးဘုတ်ထိန်းချုပ်ခန်းများထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလို အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂပစ္စည်းများလုံလောက်စွာထားရှိရမည်။

(စ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဆ) အားကစားခန်းမအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်းရှိရမည်။

# ခြင်းလုံးအားကစားကွင်းအတိုင်းအတာ



# ဒိုင်ဗင် (DIVING)

**၁။ စံချိန်စံညွှန်း**

| | | | |
|---|---|---|---|
| (က) | ဒိုင်ဗင်ကန်အတိုင်းအတာ(အလျား) | - | ၂၅ မီတာ |
| (ခ) | ဒိုင်ဗင်ကန်အတိုင်းအတာ(အနံ) | - | ၂၁ မီတာမှ ၂၅မီတာ |
| (ဂ) | ဒိုင်ဗင်ကန်အနက် | - | ၅ မီတာ |
| (ဃ) | **ဒိုင်ဗင်စင်မြင့်နှင့်ဘုတ်အတိုင်းအတာ** | | |
| | (၁) ၅မီတာစင်အမြင့် | - | အလျား၆.၀မီတာ x အနံ ၁.၅ မီတာ |
| | (၂) ၇.၅မီတာစင်အမြင့် | - | အလျား၆.၀မီတာ x အနံ ၁.၅ မီတာ |
| | (၃) ၁၀မီတာစင်အမြင့် | - | အလျား၆.၀မီတာ x အနံ ၂ မီတာ |
| (င) | **စပရိန်စင်မြင့်နှင့်ဘုတ်အတိုင်းအတာ** | | |
| | (၁) ၁ မီတာ | - | အလျား၄.၈မီတာ x အနံ ၀.၅မီတာ |
| | (၂) ၃ မီတာ | - | အလျား၄.၈မီတာ x အနံ ၀.၅ မီတာ |
| (စ) | ရေအပူချိန် | - | ၂၃ဒီဂရီစင်တီဂရိတ်မှ ၂၅ စင်တီဂရိတ်အတွင်း(၇၄.၄ဒီဂရီဖာရင်ဟိုက်မှ ၇၈ဒီဂရီဖာရင်ဟိုက်အတွင်း) |
| (ဆ) | ရေ၏ PH | - | (6.4 PH) မှ (7.4 PH) အတွင်း |

**၂။ နေရာပြင်ဆင်မှု**

| | | | |
|---|---|---|---|
| (က) | ဒိုင်လူကြီးထိုင်ခုံအမြင့် | - | ရေပေါ်တွင်MIN = ၁.၅မီတာ၊ MAX=၂မီတာ |

(ခ) ဒိုင်လူကြီးများ၏အနေအထားအား ဒိုင်ဗင်ဘုတ်၏တစ်ဖက်တစ်ချက်စီတွင် သင့်တော်သောအကွာအဝေးတွင်ရှိရမည်။

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System

(ခ) LCD TV

(ဂ) ကွန်ပျူတာ

(ဃ) Electronic Score Board

(င) မှတ်တမ်းတင်ဗွီဒီယို

၄။ **ကျင်းပပုံစနစ်**

(က) **ကစားသမား။** အသင်း(၁)သင်းတွင်းအားကစားသမား(ကျား/မ) (၈)ဦးပါဝင်နိုင်သည်။

(ခ) **Dives အမျိုးအစား**

(၁) Straight (အဖြောင့်)

(၂) With Pike (ခြေဖျားထိ)

(၃) With Tuck (ဒူးတိုက်)

(၄) Free (အလွတ်)

(ဂ) **ဒိုင်/ဂျူရီ(ပြိုင်ပွဲ(၁)ပွဲလိုအပ်ချက်)**

| | | |
|---|---|---|
| (၁) ပြည်ပ | - | (၅)ဦး |
| (၂) ပြည်တွင်း | - | (၈) ဦး |

(ဃ) **အမှတ်ပေးစနစ်**

| | | |
|---|---|---|
| (၁)လုံးဝပျက်လျှင် | - | (၀) မှတ် |
| (၂)ကျေနပ်ဖွယ်ရာမရှိလျှင် | - | (၀.၅)မှ (၂) မှတ် |
| (၃)ကျေနပ်ဖွယ်ရာအနည်းငယ်ရှိလျှင် | - | (၂.၅)မှ (၄.၅) မှတ် |
| (၄)အသင့်အတင့်ကောင်းလျှင် | - | (၅) မှ (၆) မှတ် |
| (၅)ကောင်းလျှင် | - | (၆.၅) မှ (၈) မှတ် |
| (၆)အလွန်ကောင်းလျှင် | - | (၈.၅) မှ (၁၀) မှတ် |

၅။ **အထွေထွေလိုအပ်ချက်များ**

(က) ရေကူးကန်အားကစားရုံအတွင်းအမှတ်ပေးစကိုးဘုတ်၊ TV၊ အသံစနစ်နှင့် လုံလောက်သောလျှပ်စစ်မီးအလင်းရောင်တပ်ဆင်ထားရှိရမည်။

(ခ) အစည်းအဝေးခန်းမ၊ဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊တားမြစ်ဆေးစစ်ဆေးခန်း၊ ဆေးခန်း၊အားကစားသမား နားနေခန်း နှင့် အဝတ်လဲခန်း ၊ သွေးပူလေ့ကျင့်ခန်း ၊ ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း ၊ အသံလွှင့်ခန်း ၊ ရေဒီယိုခန်း ၊ရုပ်မြင်သံကြားခန်း ၊လျှပ်စစ်မီး ထိန်းချုပ်ခန်း၊CCTV Room ၊ စံချိန်မှတ်နာရီ ၊ Photo Finish ၊ စကိုးဘုတ် ထိန်းချုပ်ခန်းများ ထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလိုအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂ ပစ္စည်းများလုံလောက်စွာထားရှိရမည်။

(စ) ရေကူးကန်အားကစားရုံအတွင်း လုံလောက်သော လေအေးပေးစက်များတပ်ဆင် ထားရှိရမည်။

(ဆ) ရေကူးကန်အားကစားရုံအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်း ရှိရမည်။

## မြင်းစီးအားကစားနည်း၏နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

(က) Dressage

| | | | |
|---|---|---|---|
| (၁) | ကွင်းအတိုင်းအတာ(အလျား) | - | ၆၀ မီတာ |
| (၂) | ကွင်းအတိုင်းအတာ(အနံ) | - | ၂၀ မီတာ |
| (၃) | ကင်းလွတ်ဇုန် | - | ၁၅ မီတာ |
| (၄) | ခန်းမအတွင်းကင်းလွတ်ဇုန် | - | အနည်းဆုံး ၃ မီတာ |
| (၅) | တန်းကျော်အမြင့် | - | ၀.၃ မီတာ |
| (၆) | တန်းတစ်ခုနှင့်တစ်ခုအကွာအဝေး | - | ၁၂ မီတာ |
| (၇) | မီးအလင်းရောင်(Outdoor arena) | - | 200 Lux |
| (၈) | မီးအလင်းရောင် (Indoor arena) | - | 300Lux (လေ့ကျင့်ရေးကွင်း) |
| (၉) | မီးအလင်းရောင်(Indoor arena) | - | 500Lux (ပြိုင်ပွဲကွင်း) |

(ခ) Show Jumping

| | | | |
|---|---|---|---|
| (၁) | Oxer | - | အမြင့် (၁.၆) မီတာ |
| | | - | အကျယ် (၂) မီတာ |
| (၂) | Water Jump | - | အရှည် (၄.၅) မီတာ |
| | | - | အကျယ် (၂.၅) မီတာ |
| (၃) | Gate | - | အမြင့် (၁.၆) မီတာ |
| (၄) | Wall | - | အမြင့် (၁.၆) မီတာ |
| (၅) | Vertical | - | အမြင့် (၁.၆) မီတာ |
| (၆) | Triple Bar | - | အမြင့် (၁.၆) မီတာ<br>အကျယ် (၂.၂) မီတာ |
| (၇) | မီးအလင်းရောင် (Out Door) | - | 150 Lux (လေ့ကျင့်ရေးကွင်း) |
| (၈) | မီးအလင်းရောင် (Out Door) | - | 300 Lux (ပြိုင်ပွဲကွင်း) |

(၉) မီးအလင်းရောင် (Indoor arena) - 400 Lux
(လေ့ကျင့်ရေးကွင်းနှင့်ပြိုင်ပွဲကွင်း)
(၁၀) လိုအပ်သည့်တန်းကျော်အရေအတွက် - (၁၀) ခုမှ (၁၃) ခု
(၁၁) ပြိုင်ပွဲအတိုင်းအတာ - ၁၂၀၀ မီတာ

**၂။ နေရာပြင်ဆင်မှု**

(က) ပြိုင်ပွဲကွင်း - (၂) ကွင်း
(ခ) သွေးပူလေ့ကျင့်ခန်း - (၁) ကွင်း
(ဂ) မြင်းလေ့ကျင့်ရေးကွင်း - (၁) ကွင်း
(ဃ) မြင်းလွှတ်ကွင်း - (၁) ကွင်း
(င) ကီလို(၈၀)ခရီးရှည်မြင်းစီးပြိုင်ပွဲအတွက်အပိုင်း(၃)ပိုင်းပါ မြင်းစီးလမ်းကြောင်း(၃) ခု

**၃။ ပြိုင်ပွဲသုံးပစ္စည်းလိုအပ်ချက်**

(က) PA System
(ခ) Electronic Score Board
(ဂ) ကွန်ပျူတာ
(ဃ) Projector
(င) Timer Boards
(စ) စကားပြောစက်
(ဆ) စံချိန်မှတ်နာရီ
(ဇ) Digital Weighing Scale
(ဈ) Digital Watch at Vet Gate
(ည) Heart Rate Monitor

**၄။ ကျင်းပပုံစနစ်**

**(က) ကစားသမား/ပြိုင်ပွဲအမျိုးအစား**

(၁) Dressage တစ်ဦးချင်း/အသင်းလိုက်
(၂) Show Jumping တစ်ဦးချင်း/အသင်းလိုက်
(၃) Endurance တစ်ဦးချင်း/အသင်းလိုက်

**(ခ) ဒိုင်/ဂျူရီ**

ပြည်ပ - (၁၅) ဦး

ပြည်တွင်း - (၁၅) ဦး

## ၅။ အထွေထွေလိုအပ်ချက်များ

(က) အားကစားကွင်းအတွင်းအမှတ်ပေးစကိုးဘုတ်၊အသံစနစ်နှင့်လုံလောက်သော လျှပ်စစ်မီးအလင်းရောင်တပ်ဆင်ထားရှိရမည်။

(ခ) VIP Room ၊ အစည်းအဝေးခန်းမ၊ဒိုင်၊ဂျူရီများနားနေခန်း၊မီဒီယာခန်း၊ တားမြစ်ဆေးစစ်ဆေးခန်း၊ ဆေးခန်း၊အားကစားသမားနားနေခန်းနှင့် အဝတ်လဲခန်း၊ သွေးပူလေ့ကျင့်ခန်း၊ပစ္စည်းသိုလှောင်ခန်း၊ရေချိုးခန်းနှင့် သန့်စင်ခန်းများ လုံလောက်စွာထားရှိရမည်။

(ဂ) အသံထိန်းချုပ်ခန်း၊အသံလွှင့်ခန်း၊ရေဒီယိုခန်း၊တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ခန်း၊လျှပ်စစ်မီးထိန်းချုပ်ခန်း၊CCTV Room၊Photo Finish ၊ စကိုးဘုတ်ထိန်းချုပ်ခန်းများထားရှိရမည်။

(ဃ) Computer နှင့် Copier စက်များအားရုံးခန်း ၊ မီဒီယာခန်းများနှင့် နိုင်ငံတကာမှ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ လိုအပ်သလို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရမည်။

(င) ဆုပေးစင်မြင့်၊အလံတင်စင်များနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍လိုအပ်သည့် ပရိဘောဂပစ္စည်းများလုံလောက်စွာထားရှိရမည်။

(စ) ပြိုင်ပွဲဝင်အားကစားသမားများအား ပရိသတ်များမှ အနှောင့်အယှက်မဖြစ်စေရ။

(ဆ) အားကစားကွင်းအပြင်ဘက်တွင်လုံလောက်သောကားပါကင်အကျယ်အဝန်းရှိရမည်။

# ဘောလုံးအားကစားနည်း၏
# နိုင်ငံတကာစံချိန်စံညွှန်းများ

**၁။ စံချိန်စံညွှန်း**

| | | | |
|---|---|---|---|
| (က) | ကွင်းအတိုင်းအတာ(အလျား) | - | ၃၄၅ ပေ |
| (ခ) | ကွင်းအတိုင်းအတာ(အနံ) | - | ၂၂၅ ပေ |
| (ဂ) | ဂိုးတိုင်အမြင့် | - | ၈ ပေ |
| (ဃ) | ဂိုးတိုင်အကျယ် | - | ၂၄ ပေ |
| (င) | ဂိုးတိုင်ဗျက် | - | ၅လက္မ |
| (စ) | ဂိုးဧရိယာ(အလျား) | - | ၆၀ ပေ |
| (ဆ) | ဂိုးဧရိယာ(အနံ) | - | ၁၈ ပေ |
| (ဇ) | ပင်နယ်တီဧရိယာ | - | ၅၄ပေ |
| (ဈ) | ပင်နယ်တီအမှတ် | - | ၃၆ ပေ |
| (ည) | အလယ်စက်ဝိုင်းအချင်းဝက် | - | ၃၀ ပေ |
| (ဋ) | ဒေါင့်ကန်ဘောအလံတိုင်အမြင့် | - | ၅ ပေ |
